BNI BURMA NEWS INTERNATIONAL
Myanmar Peace Monitor

# Weekly News Review

Issue 104, 10 - 16 May 2023

# မိုခါမုန်တိုင်းနှင့် စစ်အုပ်စု၏သရုပ်မှန်



Photo : Facebook

# မိုခါမုန်တိုင်းနှင့် စစ်အုပ်စု၏ သရုပ်မှန်

## နိဒါန်း

ဘင်္ဂလားပင်လယ်အော်မှ အခြေတည်ဖြစ်ပေါ်လာသည့် မိုခါ(Mocha)ဆိုင်ကလုန်းမုန်တိုင်းသည် မေလ ၁၄ ရက်၊ မွန်းလွဲ ၁၂ နာရီ ၃၀ မိနစ်အချိန်တွင် တစ်နာရီလျှင် မိုင် ၁၂၀ မှ ၁၅၅ နှုန်းအထိ အပြင်းထန်ဆုံး တိုက်ခတ်ကာ ရခိုင်ပြည်နယ်အတွင်း စတင်ဝင်ရောက်ခဲ့သည်။ ထိုနေ့ ညနေ ၆ နာရီ ၃၀ မိနစ်အချိန်တွင် ချင်းပြည်နယ်နှင့် မကွေးတိုင်းအတွင်း တစ်နာရီလျှင် မိုင် ၁၂၀ နှုန်းကျော်ဖြင့် မေလ ၁၅ ရက် ညနေ ၆ နာရီ ၃၀ မိနစ်အချိန်အထိ တိုက်ခိုက်ခဲ့သည်။ ထိုမှတဆင့် လေတိုက်နှုန်းအရှိန်လျော့ကျကာ စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်အတွင်း ဝင်ရောက်ခဲ့သည်။ ရောဝတီ၊ ရန်ကုန်၊ ပဲခူး၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများကိုလည်း မိုခါဆိုင်ကလုန်းမုန်တိုင်းက အဖျားရိုက်ခတ်ခဲ့သည်။

မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်သည် ထိခိုက်ပျက်ဆီးဆုံးရှုံးမှုနှင့် အသက်သေဆုံးမှု အများဆုံးဖြစ်ခဲ့သည်။ ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်တို့သည်လည်း မုန်တိုင်းကြောင့် ထိခိုက်ပျက်ဆီးဆုံးရှုံးမှု များပြားခဲ့သည်ကို တွေ့ရပါသည်။

ယခုတစ်ပတ် BNI - Myanmar Peace Monitor အပတ်စဉ် သတင်းသုံးသပ်ချက်အတွက် ဆိုးရွားပြင်းထန်လှသည့် မိုခါဆိုင်ကလုန်းမုန်တိုင်းနှင့်အတူ တွေ့ရှိခဲ့ရသော အာဏာသိမ်းစစ်အုပ်စု၏ လူသားမဆန်သော ပြုမူလုပ်ဆောင်ချက်များ၊ တနည်းအားဖြင့် စစ်အုပ်စု၏ ဥပမိရုပ်ကို လေ့လာဖော်ထုတ်တင်ပြသွားပါမည်။

Myanmar Peace Monitor

# မိုခါမလာခင် ကြိုတင်ပြင်ဆင်မှုများ

၂ နှစ်ကျော် ကြာမြင့်လာသည့် စစ်အာဏာသိမ်းရန် ကြိုးပမ်းနေမှုအား နည်းလမ်းမျိုးစုံဖြင့် ဆန့်ကျင်တော်လှန်နေကြသော နွေဦးတော်လှန်ရေးအင်အားစုများအတွင်း မေလ ၁၀ ရက်၊ ၁၁ ရက်နေ့များကတည်းကပင် မိုခါဆိုင်ကလုန်းမုန်တိုင်းနှင့် ဆက်စပ်သော သတင်းအချက်အလက်များ၊ ဆောင်ရန်ရှောင်ရန်များနှင့် ကြိုတင်ပြင်ဆင်မှုများကိုသတိပြုဆော်ဩနေကြပြီဖြစ်သည်။

ရခိုင်ပြည်နယ် စစ်တွေ၊ ကျောက်ဖြူ၊ မောင်တော၊ ရသေ့တောင်၊ မြေပုံ၊ ပေါက်တောနှင့် မာန်အောင်မြို့နယ်တို့ကို အန္တရယ်ရှိမှုအမြင့်ဆုံး အနီရောင်အဆင့်သို့ သတ်မှတ်ခဲ့ပြီး ဒေသတွင်း လူထုအခြေပြု အရပ်ဖက်အဖွဲ့အစည်းများနှင့် ရက္ခိုင့်တပ်တော်(ULA/AA)တို့က ဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရာချထားပေးမှုများ ပြုလုပ်ခဲ့သည်။




"ရခိုင်ပြည်သူ တစ်သိန်းကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားပြီဖြစ်ကြောင်း" ULA/AA ပြောခွင့်ရသူ ခိုင်သုခကပြောဆိုသည်။[1] အာဏာသိမ်းစစ်ကောင်စီလက်အောက်ခံ ကျောက်ဖြူမြို့နယ် အုပ်ချုပ်ရေးမှူးကလည်း ကျောက်ဖြူမြို့ပေါ်တွင် ကယ်ဆယ်ရေးစခန်း ၁၀ ခု ဖွင့်လှစ်ထားပြီး လူဦးရေးနှစ်သောင်းခန့် ခိုလှုံလျက်ရှိသည်ဟု ဆိုပါသည်။ [2]

1 ပေါက်တောမြို့နယ် ငှက်ချောင်းနှင့် ဆင်တက်မော် IDP စခန်းတို့မှ မွတ်ဆလင်ဒုက္ခသည်ထောင်နှင့်ချီပြီး ကြိမ်နီပြင်သို့ ပြောင်းရွှေ့ခိုလှုံ http://rb.gy/8gpp5

2 ကျောက်ဖြူမြို့တွင် ကယ်ဆယ်ရေးစခန်း ၁၀ ခုခန့်ဖွင့်ထား၊ လူဦးရေနှစ်သောင်းခန့်အထိ ခိုလှုံလျက်ရှိနေ http://rb.gy/pausz

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(WFP)ကလည်း ရခိုင်ပြည်နယ်နှင့် အနီးတဝိုက်ရှိ ဆက်စပ်ဒေသများမှ လူဦးရေ ၄ သိန်းအတွက် တစ်လစာ စားနပ်ရိက္ခာများ ပြင်ဆင်ထားကြောင်း မေလ ၁၃ ရက်တွင် ထုတ်ပြန်ပါသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)ကတော့ မိုခါမုန်တိုင်းအန္တရယ်အတွက် အရေးပေါ်တုန့်ပြန်ကူညီမှုများ ပြုလုပ်နိုင်ရန် အသင့်ပြင်ထားကြောင်း မေလ ၁၁ ရက်က ထုတ်ပြန်ပါသည်။

မိုခါဆိုင်ကလုန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ကြုံတွေ့ရနိုင်သည့် ဘေးအန္တရာယ်များကို ကာကွယ်လျော့ချနိုင်ရန်အတွက် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)၏ လူသားချင်း စာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာနကလည်း မုန်တိုင်းဒဏ် သက်ရောက်နိုင်ခြေရှိသည့် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒေသအခြေစိုက် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် လက်တွဲကာ ပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ကာကွယ်မှုများဆောင်ရွက်ခဲ့သည်ဟု မေလ ၁၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ရခိုင်ဒေသသည် မုန်တိုင်းစတင်ဝင်ရောက်လာမည့် ကမ်းရိုးတန်း ဒေသဖြစ်သဖြင့် ဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ပြင်ဆင်မှုများ အထူးပြုလုပ်ထားရန် ရခိုင်ဒေသအခြေစိုက် အရပ်ဘက်လူမှုအဖွဲ့ Arakan Heritage Foundation နှင့်လက်တွဲကာ အကြိုပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပြီဟု ဆိုပါသည်။




ဆိုရသော် မိုခါဆိုင်ကလုန်း မုန်တိုင်းဝင်ရောက်မလာခင်အချိန်ထိ သတင်းအချက်အလက်စီးဆင်းမှုအပါအဝင် ရခိုင်ပြည်သူလူထုနှင့် တခြားမုန်တိုင်းဒဏ်သင့်နိုင်ချေရှိသော တိုင်းနှင့် ပြည်နယ်များမှ ပြည်သူများအတွက် ကြိုတင်ပြင်ဆင်မှုအပိုင်းတွင် အားကောင်းခဲ့သည်ဟု ဆိုနိုင်ပါသည်။ သို့သော် အာဏာသိမ်းစစ်အုပ်စု၏ လူသားမဆန်သော ပြုမူလုပ်ဆောင်ချက်များကမူ မိုခါမုန်တိုင်းထက်ပင် ပိုမိုဆိုးရွားနေသေးသည်ကို တွေ့ရှိခဲ့ရသည်။

# လူသားမဆန်သော စစ်အုပ်စု၏ သရုပ်မှန်

ရခိုင်ပြည်နယ်သို့ မိုခါမုန်တိုင်းဝင်ရောက်သည့် မေလ ၁၄ ရက်နေ့တွင် တနင်္သာရီတိုင်း ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းတည်ရှိရာ နဘုလယ်ဒေသကို အာဏာသိမ်းစစ်ကောင်စီက လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ အဆိုပါဒေသတွင် ဒေသအခြေပြုပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုရှိခဲ့သည့်အတွက် စစ်ကောင်စီဘက်မှ Jet Fighter ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ [3]

စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ်အနောက်ဘက်ခြမ်းတွင်လည်း မေလ ၁၄ ရက်၊ နံနက် ၆ နာရီခွဲခန့်တွင် စစ်ကောင်စီတပ်များ အကြောင်းမဲ့စစ်ကြောင်းထိုးလာသဖြင့် အင်းပတ်၊ ချမ်းသာကုန်း၊ ကုန်းသာ စသည့်ကျေးရွာများ ဒေသခံအရပ်သားပြည်သူ ၃၀၀၀ ကျော်သည် မိုခါမုန်တိုင်းအရှိန်ကြောင့် ရွာသွန်းနေသော မိုးရေများနှင့်အတူ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်ဟု ဆိုပါသည်။ အင်းပတ်ရွာအတွင်း စစ်ကောင်စီတပ်များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့်ရမ်းသန်းပစ်မှုကြောင့် အသက် ၄ နှစ်အရွယ် ကလေးငယ်တစ်ဦး ကျည်ဆန်ထိမှန်ဒဏ်ရာရရှိခဲ့ပါသည်။ [4]




3 ထားဝယ် အထူးစီးပွားရေးဇုန် စီမံကိန်း တည်ရှိရာ နဘုလယ်ဒေသကို စစ်ကောင်စီက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက် http://rb.gy/7alyi

4 မိုးထဲရေထဲ စစ်ကြောင်းထိုးခံနေရသဖြင့် ခင်ဦးအနောက်ခြမ်းမှ ဒေသခံ ၃,၀၀၀ ခန့် ထွက်ပြေးနေရ http://rb.gy/vxty1

မိုခါဆိုင်ကလုန်းမုန်တိုင်းအလွန် မေလ ၁၇ ရက်နေ့၊ စစ်ကိုင်းတိုင်း ကန့်ဘလူခရိုင် ထန်း ကုန်းတိုက်နယ်အတွင်းတွင် စစ်ကောင်စီတပ်က စစ်ကြောင်း ၄ ကြောင်းဖြင့် ဖြန့်ကြက် ဝင်ရောက်လာသောကြောင့် ကျေးရွာပေါင်း ၃၀ ကျော်မှ ဒေသခံအရပ်သားပြည်သူ ၃၀၀၀၀ ကျော် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ ထိုနေ့နံနက်ပိုင်းတွင် စစ်ကောင်စီတပ် ခမရ (၃၆၁) ၊ ခမရ (၃၆၈)နှင့် နယ်မြေခံပျူစောထီး အင်အား ၃၀၀ ကျော်တို့ ပူးပေါင်းကာ စစ်ကြောင်းထိုးဝင်ရောက်လာခြင်းဖြစ်ကြောင်း ကျွန်းလှ တက်ကြွလှုပ်ရှားသူများအဖွဲ့က မဇ္ဈိမသတင်းဌာနကို ပြောဆိုထားပါသည်။ [5]

မြန်မာပြည်သူလူထုသည် သဘာဝဘေးအန္တရယ်နှင့်အတူ အာဏာသိမ်းစစ်အုပ်စု၏ လူသားမဆန်လုပ်ရပ်များကိုပါ တပြိုင်နက်တည်း ရင်ဆိုင်ကြုံတွေ့နေရခြင်းဖြစ်သည်။

## ဆက်စပ်သတင်းတွေ့ရှိချက်များ

မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် စစ်တွေမြို့သည် ၉၀ ရာခိုင်နှုန်းနီးပါး ပျက်ဆီးဆုံးရှုံးခဲ့ရပြီး အရေးပေါ်အကူအညီများ လိုအပ်လျက်ရှိသည်။ ထိုအတွက် ရက္ခိုင်တပ်တော် (ULA/AA)သည် မုန်တိုင်းဒဏ်သင့်ရခိုင်ပြည်သူလူထုအတွက် အရေးပေါ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီကို မေလ ၁၇ ရက်တွင် ဖွဲ့စည်းခဲ့သည်။

"အာရက္ခ ပြည်သူ့အစိုးရအနေနဲ့ ရှိသမျှ အရင်းအမြစ်တွေကို အကောင်းဆုံးစုစည်းပြီးတော့ ကြိုးစားလုပ်ဆောင်နေပေမယ့်လည်း ဒီသဘာဝဘေးအန္တရာယ် ကပ်ဆိုးကြီးကို ဖြေရှင်းပေးဖို့အတွက် မလုံလောက်နိုင်ပါ။ အဲ့ဒီအပေါ်မှာ နိုင်ငံတကာအဖွဲ့အစည်းတွေ NGO၊ INGO တွေ ဒေသအတွင်းမှာရှိနေတဲ့ လူမှုအခြေပြုအဖွဲ့အစည်းတွေနဲ့လည်း အာရက္ခ ပြည်သူ့အစိုးရနဲ့အတူ အနီးကပ်ပူးပေါင်းဆောင်ရွက်ပြီးတော့ လိုအပ်တဲ့ အကူအညီတွေကို ပေးအပ်သွားဖို့အတွက် အထူးမေတ္တာရပ်ခံလိုပါတယ်"ဟု ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်ဥက္ကဋ္ဌလည်းဖြစ်၊ ရက္ခိုင့်တပ်တော်၏ တပ်မှူးချုပ်လည်းဖြစ်သူ ဗိုလ်ချုပ် ထွန်းမြတ်နိုင်က မေတ္တာရပ်ခံထားပါသည်။

ULA/AA ထံ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) မှ ကျပ်သိန်း ၁၀၀၀၊ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)ဗဟိုဌာနချုပ်မှ ကျပ်သိန်း ၃၀၀၀ နှင့် မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ (MNTJP/MNDAA) မှ ကျပ်သိန်း ၁၀၀၀အဖြစ် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် လူသားချင်းစာနာထောက်ထားမှုအနေဖြင့် ပေးအပ်လှူဒါန်းခဲ့သည်။

ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားရှိ ဒုက္ခသည်စခန်းတို့အား ကျပ်သိန်း ၆၄၀၀ ကျော် ထောက်ပံ့ကူညီ

5 ကန့်ဘလူနယ်တွင် မုန်တိုင်းအပြီး စစ်ကောင်စီတပ်စစ်ကြောင်းထိုးနေ၍ ပြည်သူ ၃၀၀၀၀ ကျော် ထွက်ပြေးတိမ်းရှောင်နေရ http://rb.gy/ihts9

ခဲ့ကြောင်း မေလ ၁၇ ရက်တွင် NUG က ထုတ်ပြန်ထားသည်။ မိုခါမုန်တိုင်းကြောင့် တိုင်းနှင့်ပြည်နယ် (၇)ခုတွင် ပြည်သူ ၄၅၅ ဦးသေဆုံးခဲ့ကြောင်း NUG က ထုတ်ပြန်ထားသော်လည်း အာဏာသိမ်းစစ်ကောင်စီ၏ မေလ ၁၈ရက် ထုတ်ပြန်ချက်တွင်မူ မုန်တိုင်းအပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ ၄၇ ဦးသာ သေဆုံးခဲ့သည်ဟု ဆိုထားသဖြင့် အချက်အလက်ကွဲလွဲ နေသည်ကို သတိပြုမိပါသည်။ [6]

အဆိုပါအချက်အလက်ကွဲလွဲမှုကို လေ့လာကြည့်ပါက NUG ၏ စာရင်းတွင် စစ်တွေမြို့နယ်အတွင်းရှိ ဒုက္ခသည်စခန်းများအတွင်း သေဆုံးသူအရေအတွက် ပါဝင်နေပြီး အာဏာသိမ်းစစ်ကောင်စီ၏ ထုတ် ပြန်ချက်တွင် အဆိုပါအကြောင်းရာပါဝင်ခြင်းမရှိသည်ကို တွေ့ရပါသည်။




| စဉ် | တိုင်း/ပြည်နယ် | သေဆုံးအရေအတွက် | မှတ်ချက် |
| --- | --- | --- | --- |
| ၁။ | ရခိုင် | ၄၃၁ | အသေးစိတ်စာရင်းများ အတည်ပြုဆဲ |
| ၂။ | စစ်ကိုင်း | ၄ | |
| ၃။ | မကွေး | ၁၅ | |
| ၄။ | ရန်ကုန် | ၁ | |
| ၅။ | ဧရာဝတီ | ၁ | |
| ၆။ | မန္တလေး | ၁ | |
| ၇။ | ရှမ်း | ၂ | |
| | စုစုပေါင်း | ၄၅၅ | |

## သုံးသပ်တင်ပြချက်

အာဏာသိမ်းစစ်ခေါင်းဆောင်သည် မိုခါမုန်းတိုင်းအလွန် မေလ ၁၅ ရက်တွင် စစ်တွေမြို့သို့ သွားရောက်ကာ ကျပ်သိန်း (၇၀၀၀၀) ထောက်ပံ့မည်ဖြစ်ကြောင်းနှင့် အလှူ

6 မိုခါမုန်တိုင်းဒဏ်ကြောင့် ပြည်နယ်/တိုင်း ၇ခုတွင် သေဆုံးသူ ၄၅၅ ဦးရှိပြီဖြစ်ကြောင်း NUG ထုတ်ပြန် "စစ်ကောင်စီ၏ မေလ ၁၆ ရက်ထုတ်ပြန်ချက်တွင် သေဆုံးသူ ၄၇ ဦးသာရှိဟုဆို " http://rb.gy/f3by7

ရှင်များထံမှ ကျပ်သိန်း (၁၃၀၀၀၀) ကျော်လက်ခံရရှိထားပြီး နိုင်ငံတကာမှ အကူအညီများ ပေးအပ်ရန် ကမ်းလှမ်းမှုကိုလည်း လက်ခံထားသည်ဟု ဆိုပါသည်။ ဒေသခံလူမှုရေးအဖွဲ့အစည်းများကမူ မုန်တိုင်းကာလအတွင်းရော၊ မုန်တိုင်းအလွန်ကာလ မေ ၁၅ ရက်နေ့အထိ အာဏာသိမ်းစစ်ကောင်စီဘက်မှ တစ်စုံတစ်ရာ ကယ်ဆယ်ရေးလုပ်ငန်းများ ဖိဖိစီးစီး စတင်လုပ်ဆောင်မှုမျိုး မရှိသေးကြောင်း ပြောဆိုကြပါသည်။ [7]

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ပြောဆိုချက်များသည် လက်တွေ့လုပ်ဆောင်ချက်များနှင့် ကင်းကွာနေသည်ကို တွေ့ရသည်။ မိုခါမုန်တိုင်းသင့်ပြည်သူများအတွက် အမှန်တကယ်ထောက်ပံ့ကူညီလိုသော စိတ်ဆန္ဒထက် မိုခါမုန်တိုင်းကို အကြောင်းပြုပြီး ၎င်းတို့လုပ်ယူထားသော အာဏာတည်မြဲရေးအတွက် တပ်တွင်း၊ တပ်ပြင်နှင့် နိုင်ငံဝန်ထမ်းများအတွင်း ဝါဒဖြန့်နိုင်ရေးအတွက် လှုပ်ရှားဆောင်ရွက်မှုမျှသာ ဖြစ်နိုင်ကြောင်း ရှုမြင်မိပါသည်။

အကြောင်းမူ အာဏာသိမ်းစစ်အုပ်စုသည် နိုင်ငံတစ်ဝှမ်းလုံးတွင် ၎င်းတို့နယ်မြေခြေကုတ်ယူနိုင်ခြင်းမရှိတော့သည့် ဒေသများအတွင်း ကျေးရွာအလိုက်မီးရှို့ဖျက်ဆီးမှုကြောင့် အရပ်သားပြည်သူပိုင်နေအိမ်၊ အဆောက်အဦပေါင်း ၆၀၀၀၀ ကျော် မီးလောင်ပြာကျခဲ့ရပြီး မဟုတ်ပါလား။ ထို့အပြင် အရပ်သားပြည်သူများအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် လေကြောင်းမှတဆင့် ပုံးကြဲပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြိမ်ပေါင်းလည်း ရာနှင့်ချီခဲ့ပြီဖြစ်သည်။ ၎င်းတို့၏ လက်နက်ကြီးလက်နက်ငယ်များ ရမ်းသန်းပစ်ခတ်မှုကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသော အရပ်သားပြည်သူပေါင်း ထောင်နှင့်သောင်းနှင့် သိန်းနှင့်သန်းနှင့်ချီခဲ့ပြီဖြစ်သည်။

စောင့်ကြည့်လေ့လာဝေဖန်သူများကတော့ အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အပေါင်းအပါတသိုက်သည် ပြည်သူလူထုအား ပစ်ခတ်သတ်ဖြတ်နိုင်သည့် စစ်လက်နက်ပစ္စည်းများကို အမေရိကန်ဒေါ်လာပေါင်း ဘီလီယံချီသုံးစွဲကာ ဝယ်ယူထားသော်လည်း မုန်တိုင်းဒဏ်သင့် ပြည်သူလူထုအား ကူညီကယ်ဆယ်ရေးတွင်တော့ တွန့်ဆုတ်တုန့်ဆိုင်းနေကြောင်း အပြစ်တင်ကြသည်။ ထို့အပြင် မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအား အရေးပေါ်ကူညီနိုင်ရေးအတွက်ပင် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုကူညီရေးအဖွဲ့များအနေဖြင့် အာဏာသိမ်းစစ်အုပ်စု၏ ခွင့်ပြုချက်ကို စောင့်ဆိုင်းနေရဆဲ ဖြစ်ပါသည်။

မိုခါမုန်တိုင်းကာလအတွင်းတွင်ပင် ရပ်ရွာများအတွင်း စစ်ကြောင်းထိုးခြင်းနှင့် လေကြောင်းမှတဆင့် ပုံးကြဲတိုက်ခိုက်မှုများကို အရှိန်အဟုန်မပျက် လုပ်ဆောင်နေနိုင်ခြင်းသည် အာဏာသိမ်းစစ်အုပ်စု၏ လူသားမဆန်သော သရုပ်မှန်ကို ပေါ်လွင်စေကြောင်း ရှုမြင်သုံးသပ်ရပါသည်။

"မိုခါမုန်တိုင်းကာလ
အတွင်းတွင်ပင်
ရပ်ရွာများအတွင်း
စစ်ကြောင်းထိုးခြင်းနှင့်
လေကြောင်းမှတဆင့်
ပုံးကြဲတိုက်ခိုက်မှုများကို
အရှိန်အဟုန်မပျက်
လုပ်ဆောင်နေနိုင်ခြင်းသည်
အာဏာသိမ်းစစ်အုပ်စု၏
လူသားမဆန်သော
သရုပ်မှန်ကို
ပေါ်လွင်စေကြောင်း"

---

7 မုန်တိုင်းဒဏ်ခံရသည့် စစ်တွေကို စစ်ကောင်စီဥက္ကဋ္ဌရောက်ရှိလာ၊ သိန်းပေါင်း ၇သောင်းနှင့်ထောက်ပံ့ရေးပစ္စည်းများပေးအပ် http://rb.gy/ccq3t



## ဖားကန့်လမ်းရှိ ကျေးရွာပြည်သူ ၄၀ ကျော် လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်

မေ 18, 2023

ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိနန့်ယားကျေးရွာ၊ရေကာတာကျေးရွာနဲ့ ခင်တောင်ကျေးရွာမှ ဒေသခံ ၄၀ ကျော်ကို စစ်ကောင်စီတပ်က လူသားဒိုင်းအဖြစ်ဖမ်းဆီးသွားကြောင်း ဒေသခံများထံမှ သိရသည်။

စစ်အင်အား ၂၀၀ ဝန်းကျင်ရှိသည့် စစ်ကောင်စီတပ်စစ်ကြောင်းသည် ယနေ့ မေလ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် နန့်ယားကျေးရွာမှ ကာမိုင်းဘက်သို့ထွက်ခွာစဉ် နန့်ယားကျေးရွာဒေသခံများနဲ့ ခင်တောင်၊ ရေကာတာရွာဒေသခံများကို လူသားဒိုင်းအဖြစ် ဖမ်းခေါ်သွားကြောင်း လဝါးကျေးရွာနေ အမျိုးသားတစ်ဦးက KNG ကိုပြောသည်။

" အဲ့နန့်ယားတို့ဘက်ကရွာတွေတ ဒေသခံအချို့က လွန်ခဲ့တဲ့ရက်တွေကတည်းက တိမ်းရှောင်သွားကြတာ အခုက ရွာထဲကျန်ခဲ့တဲ့ထဲက လမ်းသွားလမ်းလာတွေဖမ်းသွားတာ။ နန့်ယားကပါတယ်၊ ရေကာတာရွာတွေဘက်လည်းပါတယ်။ နန့်ယားကလူတွေက မနက်အစောကြီး ဈေးသွားတဲ့ခါ ဖမ်းခံရတာ" ဟု ပြောသည်။

ခင်တောင်ရွာနဲ့ ရေကာတာကျေးရွာသည် နန့်ယားနဲ့ ကာမိုင်းကြားတွင်ရှိပြီး နန့်ယားကျေးရွာနဲ့ ငါးမိုင်ခန့်အကွာတွင်ရှိကြောင်းသိရသည်။

" ရေကာတာဘက်ကလူတွေကတော့ မနက် ၈ နာရီ ၉နာရီလောက်မှာဖမ်းခံရတာ စစ်ကြောင်းနဲ့တိုးပြီးလမ်းပေါ်မဖမ်းခံလိုက်ကြတာ" ဟု အထက်ပါအမျိုးသားကပြောသည်။

အဆိုပါလူသားဒိုင်းများကိုဖမ်းခေါ်သွားသည့် စစ်ကြောင်းသည် ယနေ့ မွန်းလွဲ ၃ နာရီ အချိန်တွင် ကာမိုင်းသို့ရောက်သွားပြီဟုသိရပြီး ဒေသခံများမှာ ပြန်လွတ်လာခြင်းမရှိသေး ကြောင်း သိရသည်။

ဖမ်းခံရသည့်ဒေသခံ ၄၀ ကျော်တွင် အမျိုးသား၊အမျိုးသမီးများနဲ့ ကလေးငယ်များ လည်းပါဝင်ကြောင်း သိရသည်။

" အဲ့စစ်ကြောင်းက တပ်အချိန်းအပြောင်းလို့လည်း သိရတယ်။ သူတို့ကတော့ ဒါမျိုး လုပ်နေကြပဲလေ သူတို့စစ်ကြောင်းသွားပြီဆိုဒါနဲ့ အရပ်သားတွေကိုဖမ်းမယ် ဆီးမယ် လူသားဒိုင်းလုပ်မယ်။ ဒါမျိုးတွေက သူတို့တွေလုပ်နေကြပဲ" ဟု တော်လှန်ရေးတွင် ပါဝင်နေသည့် ဖားကန့်ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

မေလ ၁၄ ရက်နေ့တွင်လည်း အင်အား ၁၀၀ ကျော်ပါသည့် စစ်ကောင်စီတပ်စစ်ကြောင်း တစ်ကြောင်းသည် နန့်တိန်းဘက်ရှိ KIA တပ်ရင်း ၄၄ ဘက်သို့စစ်ကြောင်းထိုးလာရာ KIA ဘက်မှနန့်တိန်းအနီးတွင် တိုက်ခိုက်ခဲ့ခြင်းကြောင့် စစ်ကောင်စီအထိနာပြီး တပ်ဆုတ်ခဲ့ရကြောင်း သိရသည်။


စစ်ကောင်စီတပ်သည် မေလ ၂ ရက်နေ့ကတည်း ကာမိုင်းမြို့အနီးရှိ မလန်းယန်နဲ့ ဒွမ်ဘန်ရွာသား ၃၀ ကျော်ကို လူသားဒိုင်းအဖြစ် ဖမ်းဆီးမှုတစ်ကြိမ်နဲ့ မေလ ၄ ရက်နေ့ကလည်း မလန်းယန်ရွာသားအချို့ ဖမ်းဆီးခံခဲ့ရသည်။

BNI - MPM

# အပိုင်း ၂

## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ


BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ မေလ ၁၀ ရက် မှ ၁၆ ရက် တစ်ပတ်တာအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF) များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (ERO) များအကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၂၂ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက ကရင်ပြည်နယ်သည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၅ ရက် အထိ ရှိခဲ့ပြီးအများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူမှတ်တမ်း ပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မှု ယခုထက်ပိုမို များပြားနိုင်ပါသည်။





**၂၂ ရက်**

တစ်ပတ်အတွင်း
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း





စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု
၁၀ - ၁၆ မေ ၂၀၂၃
၃၂
စစ်ကောင်စီတပ်သားသေဆုံးမှု
၄
ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု
၃၀
အရပ်သားသေဆုံးမှု
28
26
24
22
20
18
16
14
12
10
8
6
4
2
0
၂၂
၆
၁၁
၂
၁
၁၁
၁
၅
၂
၂
၁
၂
ပဲခူး
ချင်း
ကချင်
ကရင်
မန္တလေး
စစ်ကိုင်း
တနင်္သာရီ
စစ်ကောင်စီတပ်သား
ပြည်သူ့ကာကွယ်ရေးတပ်သား
အရပ်သား


၃၂၂၀၀
စစ်ဘေးရှောင်အရေအတွက် (၁၀-၁၆ မေ ၂၀၂၃)
စစ်ကိုင်း ၁၆၀၀၀
ပဲခူး ၈၀၀၀
မန္တလေး ၇၀၀၀
ကချင် ၁၂၀၀





# စစ်ကိုင်းတိုင်း

ခင်ဦး၊ ကလေး၊ ကနီ နှင့် မုံရွာမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့အကြား တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၂ ဦး ကျဆုံး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၂ ဦး ကျဆုံးခဲ့သည်။ စစ်ကောင်စီတပ်မှ စစ်ကြောင်းထိုး လာသောကြောင့် ခင်ဦး နှင့် ကနီမြို့နယ်များမှ ဒေသခံပြည်သူ ၁၆၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင် နေရသည်။




တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

- ၀ - ၀
- ၀ - ၁








# ကချင်ပြည်နယ်

မေလ ၁၄ ရက်နေ့မှ စတင်ပြီး ဖားကန့်မြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) တို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ မေလ ၁၂ ရက်နေ့က ဖားကန့်မြို့နယ် ဆိုင်းတောင်ကျေးရွာရှိ ရှင်းရင်ဟိုတယ် ရှေ့တွင် KIA ဗိုလ်ကြီးတစ်ဦး နှင့် ဟိုတယ်ဝန်ထမ်း ၂ ဦး ပစ်သတ်ခံရသည်။ စစ်ကောင်စီတပ် စစ်ကြောင်းထိုးလာသောကြောင့် မိုးညှင်းနှင့် ဖားကန့်မြို့နယ်များမှ ဒေသခံပြည်သူ ၁၂၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင် နေရသည်။






တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

- ၀ - ၀
- ၀ - ၃















# မန္တလေးတိုင်း

မေလ ၁၀ ရက်နေ့က မိုးကုတ်မြို့အနောက်ပိုင်း ရဲစခန်းနှင့် ဓမ္မရက္ခိတဘုန်းကြီးကျောင်းတွင် တပ်စွဲထားသည့် စစ်ကောင်စီစခန်းကို ကချင်လွတ်လပ်ရေးတပ်မတော်(KIA) နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ ပူးပေါင်းပြီး တိုက်ခိုက်ခဲ့သည်။ ဧပြီလ ၁၁ ရက်နေ့က မာန်စွယ်ကျားအဖွဲ့မှ အသက် ၃၀ ကျော်အရွယ် ကိုတူးတူး ဇီးကုန်းကျွန်းတွင် မိုင်းထုတ်လုပ်ရန် ပြင်ဆင်နေစဉ် ဧရာဝတီမြစ်တစ်ဖက်ကမ်း မြောင်မြို့နယ် ရွှေပေါက်ပင်ကျေးရွာမှ ပြည်သူ့ကာကွယ်ရေးအဖွဲ့က ဖမ်းဆီးသွားခဲ့ပြီးနောက် ဧရာဝတီမြစ်အတွင်း သေဆုံးလျက်ရှိနေသည်ကို တွေ့ရသည်။ စစ်ကောင်စီတပ်ပစ်ခတ်မှုကြောင့် မတ္တရာနှင့် စဥ့်ကူးမြို့နယ်က ဒေသခံ ပြည်သူ ၄ ဦးသေဆုံးခဲ့သည်။ ထို့အပြင် မေလ ၁၅ ရက်နေ့က ပလိပ်မြို့မှာ အမျိုးသမီးဆရာဝန်တစ်ဦး ဆေးခန်းထိုင်နေချိန် အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ မေလ ၁၅ ရက်နေ့က စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် စဥ့်ကူးမြို့နယ်အတွင်းက ဒေသခံ ၇၀၀၀ ကျော် ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေရသည်။












# ကရင်ပြည်နယ်

မေလ ၁၁ ရက်နေ့မှစတင်ပြီး မြဝတီမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့တို့တိုက်ပွဲဖြစ်ပွားခဲ့ရာ စစ်ကောင်စီတပ်မှ ၁၁ ဦးကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။












## ပဲခူးတိုင်း

ကျောက်ကြီး၊ ပေါင်းတည်နှင့်ညောင်လေးပင်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၅ ဦး သေဆုံးခဲ့သည်။ မေလ ၁၅ ရက်နေ့က ရေတာရှည်မြို့နယ်၊ စည်ပိုင်းအုပ်စု၊ ရှမ်းစုရွာနေ ပြည်သူစစ်ခေါင်းဆောင် အသက် ၄၀ နှစ်အရွယ် ဦးကျော်ဆွေဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ပစ်ခတ်ရှင်းလင်းခဲ့သည်။ ထို့အပြင် မေလ ၁၄ ရက်နေ့ကလည်း ရေတာရှည်မြို့နယ်၊ မိကျောင်းအိုင်ကျေးရွာအုပ်စု၊ ကျောက်ပုံကျေးရွာနေ စစ်ကောင်စီသတင်းပေးဆိုသူ မောင်အေးစိုးမင်းကိုပြည်သူ့ကာကွယ်ရေးတပ်က ပစ်ခတ်ရှင်းလင်းခဲ့သည်။ စစ်ကောင်စီတပ်ပစ်ခတ်မှုကြောင့် ကြို့ပင်ကောက်နှင့် ကျောက်ကြီးမြို့နယ်များမှာ ဒေသခံပြည်သူ ၂၁ ဦး သေဆုံးခဲ့သည်။ မေလ ၁၄ ရက်နေ့ကစပြီး ညောင်လေးပင်ခရိုင်မှာ စစ်ကောင်စီတပ်တွေ ထိုးစစ်ဆင်တိုက်ခိုက်နေခြင်းကြောင့် ဒေသခံ ၈၀၀၀ ကျော် ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေရသည်။









## တနင်္သာရီတိုင်း

ထားဝယ်၊ ကော့သောင်းနှင့် ပုလောမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၂ ဦး ကျဆုံးခဲ့သည်။ မေလ ၁၁ ရက်နေ့က စစ်ကောင်စီတပ်သည် သရက်ချောင်းမြို့နယ်၊ ညောင်ဇင်ကျေးရွာနေ ဒေသခံအမျိုးသား တစ်ဦးကို ဖမ်းဆီးငွေညှစ်ပြီး နေအိမ်ရှေ့၌ပင် သေနတ်ဖြင့်ပစ်သတ်ခဲ့သည်။

# ချင်းပြည်နယ်

မေလ ၁၃ရက်နေ့က ဟားခါးမြို့နယ်၊ ဇိုခွာကျေးရွာအနီးတွင် စစ်ကောင်စီတပ်နှင့် ချင်းဒေသကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲသုံးကြိမ် ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၁၁ ဦး သေဆုံးခဲ့သည်။





စစ်တပ်အုပ်ချုပ်နေသည့် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုများအား သည်းမခံနိုင်သလို၊ အကြမ်းဖက်မှုများ ချက်ချင်းရပ်ပြီး ပြည်သူကိုကာကွယ်ပေးရမည်ဖြစ်ကြောင်း အာဆီယံဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက မေလ ၁၁ ရက်က အင်ဒိုနီးရှားနိုင်ငံ၊ လူဘန်ဘာဂျိုမြို့တွင် ကျင်းပသည့် အာဆီယံထိပ်သီးညီလာခံ၏ ဒုတိယနေ့ဖြစ်သော နိုင်ငံခေါင်းဆောင်များ အစည်းအဝေးတွင် ပြောကြားခဲ့ပါသည်။ အင်ဒိုနီးရှားအနေဖြင့် မြန်မာနိုင်ငံငြိမ်းချမ်းအောင်ဆောင်ရွက်နိုင်ရေးအတွက် မည်သည့်အဖွဲ့နှင့်မဆို ဆွေးနွေးရန် အဆင်သင့်ဖြစ်ကြောင်းနှင့် ယင်းသို့ စေ့စပ်ဆွေးနွေးခြင်းသည် ထောက်ခံခြင်း၊ အသိအမှတ်ပြုခြင်းမဟုတ်ကြောင်းနှင့်  မြန်မာစစ်ကောင်စီတပ်အနေဖြင့် အဆီယံနှင့် သဘောတူထားသည့် ဘုံသဘောတူညီချက် ၅ ရပ်ကိုလည်း တိုးတက်အောင် အကောင်အထည်ဖော်ခြင်းမရှိခဲ့ကြောင်း ၎င်းကဆိုပါသည်။

စင်္ကာပူနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီယန်ဘာလာခရစ်ရှ်နန်က မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများ ရပ်ဆိုင်းစေရန်နှင့် အာဆီယံ ဘုံသဘောတူညီချက် ၅ ရပ်ကို "မြန်မြန်ဆန်ဆန်နှင့် အပြည့်အဝ" အကောင်အထည်ဖော်ဆောင်စေနိုင်ရန် အာဏာသိမ်းစစ်တပ်အပေါ် ဆက်လက် ဖိအားပေးသင့်ကြောင်း ပြောကြားခဲ့ပါသည်။ သို့သော် အလုပ်မဖြစ်သည့် ဘုံသဘောတူညီချက် ၅ ရပ်အား ဆက်လက်အကောင်အထည်ဖော်မည့်မှုကို အာဆီယံအနေဖြင့် ဆက်လက်ဆုပ်ကိုင်ထားဆဲဖြစ်ကြောင်း အာဆီယံထိပ်သီးအစည်းအဝေးက ကြေညာချက်ထုတ်ပြန်ရာတွင် တွေ့ရှိရပါသည်။

> ဥရောပသမဂ္ဂ(အီးယူ) အဖွဲ့ဝင်နိုင်ငံများမှ အာဏာသိမ်းစစ်ကောင်စီ အပေါ် အရေးယူ ဒဏ်ခတ်ပိတ်ဆို့ခြင်းများ ထပ်တိုးချမှတ်ရန် ထပ်မံ တောင်းဆိုခဲ့ကြပါသည်။

တစ်ဖက်တွင်လည်း မြန်မာနိုင်ငံပြဿနာကို ကိုင်တွယ်ဖြေရှင်းရေးနှင့်ပတ်သက်ပြီး အာဆီယံအသင်းဝင်နိုင်ငံများအကြား သဘောထားကွဲလွဲမှုများလည်းရှိနေပါသည်။ ယင်းနှင့်ပတ်သက်ပြီး အာဆီယံသည် အင်အားစုကြီးတစ်ရပ်အနေဖြင့် အတူတူဆောင်ရွက်ရန် လိုအပ်နေကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဇမ်ဘရီအဗ္ဗဒူကာဒီရာက မီဒီယာများထံ ဖြေကြားထားပါသည်။

ဥရောပသမဂ္ဂ(အီးယူ)အဖွဲ့ဝင်နိုင်ငံများမှ အာဏာသိမ်းစစ်ကောင်စီအပေါ်အရေးယူ ဒဏ်ခတ်ပိတ်ဆို့ခြင်းများ ထပ်တိုးချမှတ်ရန် ထပ်မံတောင်းဆိုခဲ့ကြပါသည်။ မြန်မာ၊ ဘဲလာရုစ်၊ အဲလ်ဂျီးရီးယား ၃ နိုင်ငံ၏ လူ့အခွင့်အရေး လေးစားလိုက်နာမှုဆိုင်ရာ ဆုံးဖြတ်ချက်ကို မေလ ၁၁ ရက်က ဥရောပပါလီမန်အတွင်း မဲခွဲအတည်ပြုခဲ့ခြင်းဖြစ်ပြီး၊ ၎င်း ဆုံးဖြတ်ချက်တွင် စစ်ကောင်စီတပ်နှင့် ဆက်စပ်စီးပွားရေးလုပ်ငန်းများကို ထပ်တိုးဒဏ်ခတ်ရန် ထည့်သွင်းခဲ့ကြောင်း၊ အရပ်သားများအပေါ် ပစ်မှတ်ထားသည့် လေကြောင်းသုံးတိုက်ခိုက်ခြင်းများ၊ အကြမ်းဖက်ခြင်းများကို ရပ်တန့်ကာ အရပ်သားအစိုးရထံ အာဏာပြန်လွှဲပေးရန် ထပ်မံတောင်းဆိုခဲ့ကြပါသည်။

ထိုင်းနိုင်ငံ အထွေထွေရွေးကောက်ပွဲတွင် အမတ်နေရာအများစု အနိုင်ရရှိခဲ့သည့် Move Forward ပါတီခေါင်းဆောင် ပီတာလင်ဂျာရိုရတ်က မြန်မာနိုင်ငံအတွက် အမေရိကန်နိုင်ငံမှ ဖော်ဆောင်ပေးမည့် Burma Act ကို အကောင်အထည် ဖော်နိုင်ဖို့အတွက် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပူးပေါင်းပြီး ပံ့ပိုးသွားမည်ဖြစ်ကြောင်း မေလ ၁၅ ရက်က ပြုလုပ်ခဲ့သော ပထမဆုံး သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ပါသည်။ ထို့ပြင် ၎င်းတို့အနေဖြင့် မြန်မာအရေးနှင့်ပတ်သက်ပြီး နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး၊ မြန်မာပြည်သူများအတွက် ထိုင်းနိုင်ငံ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများလည်း ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် အာဆီယံ ဘုံသဘောတူညီချက်အကောင်အထည်ဖော်ရာတွင်လည်း ထိုင်းနိုင်ငံအနေဖြင့် တွန်းအားပေးသွားမည်ဟု ၎င်းက ပြောထားပါသည်။

မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကမ္ဘာ့အတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI၏
အဖွဲ့ဝင် သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။

Weekly News Review